# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၃၂)
## ဒုတိယဦးစီးမှူး ရာထူးနေရာ နှင့် အငယ်တန်းစာရေး ရာထူးနေရာများအတွက် အရည်အချင်းစစ် ရေးဖြေအောင်မြင်သူများစာရင်း ထုတ်ပြန်ကြေညာခြင်း
**(၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်)**

**(၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်)**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၃၂)တွင် လစ်လပ်လျက်ရှိသည့် ဒုတိယဦးစီးမှူး လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၂)နေရာနှင့် အငယ်တန်းစာရေး လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး (၄)နေရာအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို ၁-၆-၂၀၂၄ ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၀ (င) (၇)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဖြေအောင်မြင်သူများ၏ ခုံနံပါတ်များကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) **ဒုတိယဦးစီးမှူးရာထူး**

MODSO-07 ၊ MODSO-18 ၊ MODSO-19 ၊ MODSO-20

(ခ) **အငယ်တန်းစာရေးရာထူး**

MOLD-01 ၊ MOLD-07 ၊ MOLD-08 ၊ MOLD-10 ၊ MOLD-12 ၊ MOLD-13 ၊ MOLD-20 ၊ MOLD-23

၂။ အရည်အချင်းစစ်ရေးဖြေအောင်မြင်သူ (၁၂)ဦးတို့ကို လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းတို့ကို ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်တွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

(က) သတင်းပေးပို့ရမည့် နေ့ရက် - ၂၈-၆-၂၀၂၄ (သောကြာနေ့)၊

(ခ) ဖြေဆိုရမည့်နေ့ရက် - ၂၉-၆-၂၀၂၄ (စနေနေ့)။

၃။ အရည်အချင်းစစ် ရေးဖြေအောင်မြင်သူများသည် သတ်မှတ်ထားသော သတင်းပေးပို့ရမည့်နေ့ရက်တွင် ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်သို့ ရုံးချိန် (နံနက် ၀၉:၃၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ) အတွင်း အောက်ဖော်ပြပါ စာရွက်စာတမ်းများကို တစ်ပါတည်း ယူဆောင်၍ သတင်းပေးပို့ရမည် ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)၊

(ခ) အိမ်ထောင်စုလူဦးရေစာရင်း (မူရင်း)၊

(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း)၊

(ဃ) ဘွဲ့လက်မှတ် (မူရင်း)။

၄။ အထက်အပိုဒ် (၁)ပါ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသော နေ့ရက်၊ အချိန်တွင် လာရောက်သတင်းပို့ရန်နှင့် သတင်းပို့ရန် ပျက်ကွက်ခဲ့သူများရှိပါက ၎င်း၏ ရာထူးနေရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၈၊ နည်းဥပဒေခွဲ (င)၊ နည်းဥပဒေခွဲငယ် (၉)အရ ရွေးချယ်ခန့်ထားရန် အရန်စာရင်းရှိ ရမှတ် အများ-အနည်းအလိုက် တန်းစီဇယားပါ အမှတ်စဉ်များအတိုင်း အစားထိုးဖြည့်စွက်ရွေးချယ်ခန့်ထားသွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၃၂)၊ အုပ်ချုပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ ဖုန်း-၀၆၇ ၃ ၄၀၆၄၁၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီးရုံး(ရုံးအမှတ်-၃၂)
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန